**အကြို-မူလတန်း**

Public education
**Discover a world of opportunities**

# သိပ္ပံဘာသာရပ် - အိမ်တွင် လေ့လာသင်ယူခြင်း

## အိမ်တွင် သိပ္ပံဘာသာရပ်

### ကစားခြင်းမှတစ်ဆင့် သိပ္ပံဘာသာရပ်ကို လေ့လာသင်ယူခြင်း

ကစားခြင်းသည် သင့်ကလေး၏ လေ့လာသင်ယူခြင်းနှင့် ရှာဖွေတွေ့ရှိခြင်း၏ အရေးကြီးသော အစိတ်အပိုင်း တစ်ရပ် ဖြစ်သည်။ သိပ္ပံဘာသာရပ်ကို လေ့လာရန် ကစားခြင်းကိုသုံးခြင်း အားဖြင့် သင့်ကလေးသည် သူတို့၏ ခံစားမှုအာရုံ အားလုံးကို သုံးကြသည် - အမြင်၊ အသံ၊ ထိတွေ့ခံစားမှု၊ အနံ့နှင့် အရသာ တို့ဖြစ်သည်။ သူတို့သည် သူတို့အနီးတစ်ဝိုက်ရှိ အရာများကို ခန့်မှန်းခြင်း၊ စူးစမ်းခြင်း၊ ဖော်ပြခြင်းနှင့် မျိုးမတူသော အရာများကို နှိုင်းယှဉ်ခြင်းတို့ကိုလည်း လေ့လာသင်ယူပါသည်။ သင့်ကလေးကို စူးစမ်းခိုင်းပြီး မေးခွန်း အမြောက်အများ မေးပါ။ အားလုံးကိုခြုံလိုက်သော်၊ သူတို့၏ သိလိုစိတ်နှင့် ဖန်တီးလိုစိတ် တို့ကိုမြေထောင်မြောက်ပေးပြီး သူတို့လုပ်နိုင်သလောက် သူတို့အား လေ့လာသင်ယူပြီးရှာဖွေတွေ့ရှိစေပါ။

### ကစားစရာ ဘူးထဲတွင်

- သင့်ကလေးအား အရုပ်များကို အရွယ်အစား၊ ပုံသဏ္ဍာန်၊ အရောင်၊ အထည်သားနှင့် အလေးချိန် တို့အားဖြင့် ခွဲ၍ထားခိုင်းပါ။သူတို့ အချို့အရုပ်များကို အတူတကွ အဘယ်ကြောင့် စုစည်း၍ထားကြောင်း သင့်ကလေးကို ရှင်းပြခိုင်းပါ။
- သင့်ကလေး၏ လက်တစ်ဖက်စီတွင် အရုပ်တစ်ခုစီကို ထည့်ပေးပြီး မည်သည့်အရုပ်က ပိုလေးပြီး မည်သည့်အရုပ်က ပိုပေါ့ကြောင်း ပြောခိုင်းပါ။
- အရုပ်ကားများ၊ ဖန်ဂေါ်လီများနှင့် ဘော်လုံးများသည် ကုန်းလျှောနှင့် ဆင်ခြေလျှောများတွင် မည်မျှမြန်မြန် သွားကြောင်း ကြည့်ပါ။မျက်နှာပြင်များကို ပြောင်းလဲပေးရင်း စမ်းသပ်ပါ။

> အရာပစ္စည်းများကို သင့် ကလေး မမြင်နိုင်အောင် အရောင်ရင့် ပလပ်စတစ်အိတ်တွင်း ထည့်ပါ။အိတ်အတွင်း အရာပစ္စည်း အမျိုးမျိုးကို ထည့်ပါ။ သင့်ကလေးအား သူတို့လက်ကို အိတ်ထဲနှိုက်ခိုင်းပြီး အထည်သား အမျိုးမျိုးကို စမ်း၍ ဖော်ပြခိုင်းပါ၊ *ချောမွေ့သည်၊ အမွေးပွသည်၊ နှင့် ကြမ်းသည် တို့ကဲ့သို့ ဖြစ်သည်။*

### မီးဖိုချောင်တွင်

- မီးဖိုချောင်သုံးပစ္စည်းများ မည်ကဲ့သို့ ခြားနားစွာ လုပ်ကိုင်ကြောင်း စူးစမ်းပြီးစစ်ဆေးပါ၊ ရေခဲမုန့် ခပ်သည့် ကော်ခပ်ဇွန်း၊ လက်ဖြင့်ကိုင်၍လုပ်သည့် ရောကိရိယာ၊ ဘူးဖောက်တံ၊ အာလူးအခွံနွှာတံနှင့် ကြက်သွန်ဖြူညှပ်ကိရိယာ တို့ဖြစ်သည်။
- သင့်ကလေးကို ဇွန်းမျက်နှာပြင် နှစ်ဖက်လုံး၌ သူတို့၏ ပုံရိပ်ကိုကြည့်ခိုင်းပြီး အောက်ပါကဲ့သို့ မေးခွန်းများကို မေးပါ - *ပုံရိပ်မှာ အဘယ်ကြောင့်ကွဲပြား နေကြောင်းကို သင် ထင်မြင်သလဲ။ နှင့် ဇွန်း၏ မည်သည့်အခြမ်းဖက် သည် ကြည့်မှန်တွင် ကြည့်သည်နှင့်တူသနည်း။*
- သင့်ကလေးအား သူတို့၏ ဟန်ချက်စီမံရေး ကျွမ်းကျင်မှုများကို လေ့ကျင့်ရန်အတွက် အရာပစ္စည်းများကို ညှပ်နှင့်တူဖြင့် ကောက်ခိုင်းပါ။
- ကစားစရာ ဂျုံမုန့်ညက် လုပ်ပုံလုပ်နည်းကို ကျွန်ုပ်တို့၏ [how to make play dough activity factsheet] တွင်ကြည့်ပါ။

### ရေချိုးစဉ် ကစားနည်း

- မျိုးမတူသော အရာပစ္စည်းများ ၎င်းတို့ ရေတွင် ပေါ်သည် သို့မဟုတ် မြုပ်သည်ကို စစ်ဆေးပါ။ ၎င်းတို့ကို မစစ်ဆေးမီ ခန့်မှန်းခိုင်းပြီး ဤကဲ့သို့ မေးခွန်းများ မေးပါ- *အဘယ်ကြောင့် အရာအချို့က ရေတွင်ပေါ်ပြီး တချို့က ရေတွင်မြုပ်သနည်း။ ပေါ်သည့်အရာကို မြုပ်အောင် မြုပ်သည့်အရာကို ပေါ်အောင် သင် မည်ကဲ့သို့လုပ်နိုင်သနည်း။*



Department of **Education**

**သင် ပိုမို၍ တွေ့လိမ့်မည်**
**အိမ်တွင် လေ့လာသင်ယူရန် အချက်အလက်စာချပ်လွှာ**
**education.wa.edu.au.**

© Department of Education, Western Australia, 2015